# ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေ

(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၇ ။)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် အမျိုးသားပညာရေးဥပဒေတွင်ပါရှိသည့် စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပညာရေးသုတေသန** ဆိုသည်မှာ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော သုတေသနလုပ်ငန်းကို ဆိုသည်။

(ခ) **စီမံကိန်း** ဆိုသည်မှာ ပညာရေးဖွံ့ဖြိုးတိုးတက်မှုရရှိရန် အကောင်အထည်ဖော်ဆောင်ရွက်သည့် ပညာရေးစီမံကိန်းကို ဆိုသည်။

(ဂ) **လေ့ကျင့်ရေး** ဆိုသည်မှာ ပညာရေးဝန်ကြီးဌာနအောက်ရှိ စီမံခန့်ခွဲရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် သင်ကြားလေ့ကျင့်ပေးခြင်းနှင့် အခြေခံပညာသင်ကြားရေး ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် အထောက်အကူပေးမည့် နည်းပြများအား သင်ကြားလေ့ကျင့်ပေးခြင်းတို့ကို ဆိုသည်။

(ဃ) **ပညာရေးစာရင်းအင်း** ဆိုသည်မှာ ကောက်ယူစုစည်းထားသော ပညာရေးဆိုင်ရာ ကိန်းဂဏန်းနှင့် အချက်အလက်များကို ဆိုသည်။

(င) **ဖွံ့ဖြိုးမှုမိတ်ဖက်များ** ဆိုသည်မှာ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများ၊ ထောက်ပံ့ငွေ၊ ချေးငွေနှင့် ပစ္စည်းများပံ့ပိုး၍ ပူးပေါင်းပါဝင်ဆောင်ရွက်သော နိုင်ငံများနှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများကို ဆိုသည်။

(စ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးကောင်စီကို ဆိုသည်။

(ဆ) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးလုပ်ငန်းကော်မတီကို ဆိုသည်။

(ဇ) **သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဦးစီးဌာနနှင့်အဖွဲ့များကို ဆိုသည်။

(ဈ) **ဦးစီးဌာန** ဆိုသည်မှာ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ပညာရေးသုတေသန လုပ်ငန်းများ အားကောင်းလာစေရန်၊

(ခ) ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်၊

(ဂ) ပညာရေးသုတေသနလုပ်ငန်းနှင့် ပညာရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်နိုင်ရေးအတွက် တိကျမှန်ကန်သော ပညာရေးစာရင်းအင်းများ ရရှိစေရန်၊

(ဃ) အမျိုးသားပညာရေးမူဝါဒနှင့်အညီ အခြေခံပညာ သင်ရိုးညွှန်းတမ်း အညွှန်းဘောင်၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ ပြုစုရေးဆွဲနိုင်ရန်၊

(င) ဝန်ကြီးဌာနအောက်ရှိ စီမံခန့်ခွဲရေး ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေး အတွက် သင်ကြားလေ့ကျင့်ပေးရန်။

(စ) အခြေခံပညာသင်ကြားရေး ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် သင်ကြားလေ့ကျင့်ပေးမည့် နည်းပြကောင်းများ မွေးထုတ်ပေးရန်။

## အခန်း(၃)
## ကောင်စီဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ အစိုးရအဖွဲ့သည်-

(က) ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးကောင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | သက်ဆိုင်ရာအစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ ဝန်ထမ်းအကြီးအမှူးများ | အဖွဲ့ဝင်များ |
| (၄) | ပညာရေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ | အဖွဲ့ဝင်များ |
| (၅) | သုတေသနကျွမ်းကျင်သူ ပြင်ပပညာရှင် | အဖွဲ့ဝင် |
| (၆) | စီမံကိန်းနှင့် စာရင်းအင်းကျွမ်းကျင်သူ ပြင်ပပညာရှင် | အဖွဲ့ဝင် |
| (၇) | သင်ရိုးကျွမ်းကျင်သူ ပြင်ပပညာရှင် | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကောင်စီ၏ သက်တမ်းသည် အစိုးရအဖွဲ့၏ သက်တမ်းအတိုင်းဖြစ်သည်။

၆။ ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေးအတွက် ပညာရေး သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် အတည်ပြုပေးခြင်း၊

(ခ) ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနရှိ ဦးစီးဌာနများအား ပညာရေး စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊

(ဂ) အမျိုးသားပညာရေးမူဝါဒနှင့်အညီ အခြေခံပညာ သင်ရိုးညွှန်းတမ်း အညွှန်းဘောင်၊ သင်ရိုး ညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို လေ့လာဆန်းစစ်ခြင်းနှင့် ပြင်ဆင်ရေးဆွဲရာတွင် ဦးစီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို ညှိနှိုင်းဆောင်ရွက် ပေးခြင်း၊

(ဃ) ပညာရေးစာရင်းအင်းများ တိကျခိုင်မာမှုရှိရေးနှင့် အချိန်မီရရှိရေးတို့အတွက် ဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနများကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(င) ဝန်ကြီးဌာနအောက်ရှိ စီမံခန့်ခွဲရေး ဝန်ထမ်းများနှင့် အခြေခံပညာသင်ကြားရေး ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဦးစီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို ညှိနှိုင်း အတည်ပြုပေးခြင်း၊

(စ) လက်ခံရရှိသော ရန်ပုံငွေနှင့် ပစ္စည်းများကို ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ သုံးစွဲနိုင်ရန် အဆုံးအဖြတ်ပေးခြင်း။

၇။ ကောင်စီသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များအတွက် အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ချီးမြှင့်ငွေနှင့်စရိတ်ကို သတ်မှတ်ပေးရမည်။

၈။ ကောင်စီဝင်များသည် ရာထူးသက်တမ်းကုန်ဆုံးသည့်အခါ အစိုးရအဖွဲ့က ကောင်စီကို အသစ်

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=10_752511